FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

# **သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ (မူကြမ်း)**

**(၂၀   ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**

**၁၃  ခုနှစ်၊     လ      ရက်**

**(၂၀  ခုနှစ်၊      လ      ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း(၁)**

## **အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို သတင်းအချက်အလက်ဆိုင်ရာအခွင့်အရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **သတင်းအချက်အလက်** ဆိုသည်မှာ အကြောင်းအရာတစ်ခုခု၏ အဓိပ္ပာယ် ဆိုလိုချက်ကို သိရှိစေရန် ဆက်သွယ်ဖော်ပြပေးသောအရာကို ဆိုသည်။ ထို့ပြင် လက်ရေးစာ၊ ပုံနှိပ်စာ၊ အသံ၊ အီလက်ထရောနစ်နှင့် အခြား နည်းပညာ တစ်ရပ်ရပ်ဖြင့် ဖန်တီးထားသည့်အရာတို့အပြင် ယင်းတို့နှင့် အမျိုးအစား တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဍာန်ရှိသည့် အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဍာန်အားဖြင့်သော် လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများ ကို ဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် မှတ်တမ်းမှတ်ရာများကို ဆိုသည်။

(ခ) **သတင်းထုတ်ပြန်ရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ထားသော သတင်းအချက်အလက်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရန် ခန့်အပ်ထား သောသူကို ဆိုသည်။

(ဂ) **ပြည်သူ့အဖွဲ့အစည်း** ဆိုသည်မှာ ပြည်သူ့ဘဏ္ဍာငွေကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ရယူသုံးစွဲနေသည့် ရုံး၊ ဌာန၊ အဖွဲ့အစည်း အသီးသီး ကိုဆိုသည်။

(ဃ) **ထုတ်ပြန်ခြင်း** ဆိုသည်မှာ ပြည်သူများအား ပုံစံတစ်မျိုးမျိုးဖြင့် သတင်း အချက်အလက်များ ရယူနိုင်စေရန်ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းတို့ တွင် ပုံနှိပ်ခြင်း၊ ရုပ်မြင်သံကြားနှင့်အသံလွှင့်ခြင်းနှင့် အီလက်ထရောနစ် နည်း တစ်မျိုးမျိုးဖြင့် သတင်း ဖြန့်ချိခြင်းတို့ ပါဝင်သည်။

(င) **မှတ်တမ်းမှတ်ရာ** ဆိုသည်မှာ စာရွက်စာတမ်း၊ ဖိုင်တွဲ သို့မဟုတ် သတင်း အချက်အလက် သိုမှီးထားသည့် အခြားသော တစ်သီးတစ်ခြားဖြစ်သည့် အရာတို့ကို ဆိုသည်။

(စ) **တောင်းဆိုသူ** ဆိုသည်မှာ ဤဥပဒေအရ သတင်းအချက်အလက်ရရှိရန် တင်ပြ တောင်းဆိုသူကို ဆိုသည်။

(ဆ) **တတိယပုဂ္ဂိုလ်** ဆိုသည်မှာ ပြည်သူ့အဖွဲ့အစည်းထံမှ သတင်းအချက်အလက် ကို တောင်းဆိုသူမှအပ အခြားသူကို ဆိုသည်။

(ဇ) **စိတ်အနှောင့်အယှက်ဖြစ်စေသောတောင်းဆိုချက်**ဆိုသည်မှာ တောင်းဆိုချက် တစ်ခုသည် တောင်းဆိုသူတစ်ယောက်တည်းက အခြားတောင်းဆိုချက်နှင့် အလွန်တူညီသော သတင်းအချက်အလက်ကို တောင်းဆိုခြင်းဖြစ်ပြီး ယင်း တောင်းဆိုချက်မှာလည်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပေးပြီးဖြစ်ခြင်း သို့မဟုတ် တောင်းဆိုချက်၏ ရည်ရွယ်ချက်သည် သတင်းအချက်အလက် ရရှိရန်ထက် ပြည်သူ့အဖွဲ့အစည်း၏ လုပ်ငန်းများကို အခက်အခဲ ဖြစ်စေရန် ဖြစ်ကြောင်း ယုံကြည်လောက်သည့် ထင်ရှားသော အခြေခံအကြောင်းများ ရှိနေခြင်းကို ဆိုသည်။

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူ့အဖွဲ့အစည်းများလက်ဝယ်ရှိ အများပြည်သူ သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ရယူနိုင်သည့် အခွင့်အရေးရရှိစေရန်၊

(ခ) တာဝန်ခံမှု၊ တာဝန်ယူမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကို မြှင့်တင် ရန်၊

(ဂ) သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးကို မြန်ဆန်သော နည်းလမ်းဖြင့် ရယူနိုင်ရန်။

## အခန်း (၃)

## သတင်းအချက်အလက်ရပိုင်ခွင့်

၄။ နိုင်ငံသားတစ်ဦးသည် ဤဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များ အရသာလျှင် ပြည်သူ့အဖွဲ့အစည်းထံမှ သတင်းအချက်အလက် သို့မဟုတ် မှတ်တမ်း မှတ်ရာတစ်ခုခုကို ရယူရန် အခွင့်အရေးရှိသည်။

၅။ ဤဥပဒေအရမှတစ်ပါး အခြားဥပဒေတစ်ခုခုတွင် မည်သို့ ပြဋ္ဌာန်းထားစေကာမူ မည်သည့် တောင်းဆိုသူကိုမျှ ပြည်သူ့အဖွဲ့အစည်းထံမှ အများပြည်သူသိခွင့်ရှိသော သတင်း အချက်အလက် ရယူခွင့်ကို ငြင်းဆိုခြင်းမပြုရ။

၆။ ဤဥပဒေသည် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးနှင့်ပတ်သက်၍ အနိမ့်ဆုံး စံသတ်မှတ်ချက်များကိုသာ ပြဋ္ဌာန်းခြင်းဖြစ်၍ ဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက် ကိုမျှ အခြားသောဥပဒေ၊ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ သတင်းအချက်အလက် ထုတ်ဖော်ခြင်း ကို ကန့်သတ်ချုပ်ချယ်ခြင်းပြုသည်ဟု မှတ်ယူခြင်း မပြုရ။

## အခန်း (၄)

## ပြည်သူ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

၇။ (က) ပြည်သူ့အဖွဲ့အစည်းအသီးသီးသည် ဤဥပဒေ အာဏာတည်ပြီးနောက် ရက်ပေါင်း ၁၂၀ အတွင်း သတင်းထုတ်ပြန်ရေးအရာရှိတစ်ဦးကို ခန့်ထားရမည်။

(ခ) သတင်းထုတ်ပြန်ရေးအရာရှိကို ခန့်ထားခြင်းမပြုနိုင်ပါက ပြည်သူ့အဖွဲ့အစည်း၏ တာဝန်ရှိသူကို သတင်းထုတ်ပြန်ရေးအရာရှိအဖြစ် မှတ်ယူရမည်။

(ဂ) သတင်းထုတ်ပြန်ရေးအရာရှိသည် ဤဥပဒေနှင့်အညီ သတင်းအချက်အလက် တောင်းဆိုချက်များကို လက်ခံခြင်း၊ ဆောင်ရွက်ပေးခြင်းပြုရန်တာဝန်ရှိသည်။ ထို့ပြင် ဤ ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန်ဝတ္တရားများအတိုင်း ပြည်သူ့အဖွဲ့အစည်းများက အပြည့်အဝ ပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက် ရန် တာဝန်ရှိ စေရမည်။

၈။ ပြည်သူ့အဖွဲ့အစည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်ရန် မှတ်တမ်းမှတ်ရာများကို လုံခြုံရေးအဆင့်အတန်း သတ်မှတ်ချက်နှင့်အညီ စနစ်တကျထိန်းသိမ်းထားရှိရမည်။

၉။ (က) ပြည်သူ့အဖွဲ့အစည်းများသည် အချိန်နှင့်တစ်ပြေးညီဖြစ်သည့် သတင်းအချက်အလက်များနှင့် သတင်းအရင်းအမြစ်ပေါ်မူတည်၍ ကျိုးကြောင်းဆီလျော်သည့် ကန့်သတ်မှုဖြင့် အောက်ဖော်ပြပါ သတင်းအချက်အလက်များကို အီလက်ထရောနစ်နည်းပညာတစ်နည်းနည်း အပါအဝင် အဆင်ပြေလွယ်ကူစွာရယူနိုင်သော နည်းလမ်းများဖြင့် ထုတ်ပြန်ပေးရမည် -

(၁) လုပ်ငန်းတာဝန် ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်၊ စည်းမျဉ်းစည်းကမ်းနှင့် လက်စွဲများ၊

(၂) ဖွဲ့စည်းပုံ၊ လုပ်ငန်းနှင့်ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်များ၊

(၃) တာဝန်နှင့်လုပ်ပိုင်ခွင့်၊ လစာ၊ ခရီးစရိတ်နှင့် ရပိုင်ခွင့် ဖော်ပြထား သည့် ဝန်ထမ်းလမ်းညွှန်စာအုပ်များ၊

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

(၄) ဝန်ထမ်းများ လိုက်နာကျင့်သုံးရမည့် နည်းဥပဒေ များ၊ လက်စွဲများ သို့မဟုတ် မူဝါဒများအပါအဝင် ချမှတ်ထားသည့် စံနှုန်းနှင့်အချက် အလက်များ၊

(၅) ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ အကြံပြုချက်၊ ဆုံးဖြတ်ချက်များအပေါ် ဆွေးနွေးခြင်းပြုနိုင်သည့် အခွင့်အရေးများ နှင့် ပတ်သက်သော ဖော်ပြချက်များ၊

(၆) အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည့် သို့မဟုတ် ပြဋ္ဌာန်းပြီး ဖြစ်သည့် အများပြည်သူဆိုင်ရာမူဝါဒများနှင့် ဆုံးဖြတ်ချက်များ ၎င်းနှင့် ဆက်နွယ်နေသော သက်ဆိုင်သည့်အချက်အလက်များနှင့် နောက်ခံသတင်း အချက်အလက်များ၊

(၇) ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများ၊

(၈) လက်ခံရရှိသောငွေကြေး သို့မဟုတ် အထောက်အပံ့နှင့် အထောက် အပံ့ ရယူလိုသူများ၏ အသေးစိတ်စာရင်းပါဝင်သော ပြည်သူ့အဖွဲ့အစည်း က ကိုင်တွယ်သုံးစွဲနေသည့် ထောက်ပံ့မှု သို့မဟုတ် ငွေကြေး ထောက်ပံ့ မှု အစီအစဉ်များနှင့် ပတ်သက်သောစာရင်း၊

(၉) လက်ခံရယူသူများစာရင်း၊ခွင့်ပြုဆောင်ရွက်ပေးသော အထူးထောက်ပံ့ မှုများ၊ လုပ်ငန်းခွင့်ပြုမိန့်များ၊

(၁၀) လက်ဝယ်ရှိ သတင်းအချက်အလက် အမျိုးအစားစာရင်း၊

(၁၁) သတင်းအချက်အလက် တောင်းခံရာတွင် သတင်းထုတ်ပြန်ရေးအရာရှိ ၏အမည်၊ ရာထူး၊ ဆက်သွယ်ရန် အသေးစိတ် အချက်အလက်များ ပါဝင်သော လုပ်နည်းသတ်မှတ်ဖော်ပြချက်၊

(၁၂) သတ်မှတ်ထားသည့် အခြားသတင်းအချက်အလက်များ။

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခွင့် မြန်မာ

(ခ) ဤဥပဒေအရ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ လက်ခံရရှိသည့် သတင်းအချက်အလက်တောင်းဆိုမှု အသေးစိတ်စာရင်းနှင့် အဆိုပါတောင်းဆိုချက်များကို မည်သို့မည်ပုံ ဆောင်ရွက်ပေးခဲ့ကြောင်း အသေးစိတ် အချက်အလက်များကို မှတ်တမ်းထားရှိရမည်။

၁၀။ (က) တောင်းဆိုသူသည် မိမိတောင်းဆိုချက်အား ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ ဆောင်ရွက်ပေးခြင်းမရှိဟု ယုံကြည်ပါက ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တိုင်ကြားနိုင်သည်။ သို့ရာတွင် တိုင်ကြားစာကို ကိုယ်စားလှယ်ဖြင့် တင်သွင်းခြင်းမပြုရ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့တို့သည် မိမိလက်အောက်ရှိ ပြည်သူ့အဖွဲ့အစည်းတစ်ခုခုနှင့် ပတ်သက်သော သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးနှင့်သက်ဆိုင်သည့် တိုင်ကြားစာများကို လက်ခံပြီး ညှိနှိုင်းဖြေရှင်းပေးရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့တို့သည် တိုင်ကြားစာကို ညှိနှိုင်းဖြေရှင်း၍ ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ပေးရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက တိုင်ကြားသူသည် သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်။

## အခန်း (၅)

## သတင်းအချက်အလက်တောင်းဆိုခြင်း

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

၁၁။ နိုင်ငံသားတစ်ဦးသည် ပြည်သူ့အဖွဲ့အစည်းတစ်ခုထံမှ သတင်းအချက်အလက်ကို တင်ပြတောင်းဆိုနိုင်သည်။

၁၂။ (က) သတင်းအချက်အလက် တောင်းဆိုချက်တစ်ခုကို ပြည်သူ့အဖွဲ့အစည်းက လက်ခံရန်လွယ်ကူသော နည်းလမ်းဖြင့် ပြုလုပ်နိုင်သည်။ ၎င်းနည်းလမ်းတွင် လူကိုယ်တိုင်ပေးပို့ခြင်း၊ စာတိုက်မှပေးပို့ခြင်း၊ ဖက်(စ်)ဖြင့်ပေးပို့ခြင်း သို့မဟုတ် အီးမေး(လ်)ကဲ့သို့သော အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်း တို့ပါဝင်သည်။

(ခ) သတင်းအချက်အလက်တောင်းဆိုချက်တစ်ခုကို ပြည်သူ့အဖွဲ့အစည်းက လက်ခံ ရရှိရာတွင် တောင်းဆိုသူသည် ပုဒ်မခွဲ (က)ပါ နည်းလမ်းများနှင့် အညီ တောင်းဆိုချက်ပြုလုပ်ခဲ့ပါက ရက်စွဲနှင့်လက်ခံရရှိသူ အရာရှိအမည် ဖော်ပြ၍ တောင်းဆိုချက် လက်ခံရရှိကြောင်း အသိအမှတ်ပြုစာကို တတ်နိုင် သမျှ အမြန်ဆုံးနှင့် မည်သည့်အကြောင်းကြောင့်ဖြစ်စေ အလုပ် လုပ်ရက် သုံး ရက်အတွင်း တောင်းဆိုသူအားထုတ်ပေးရမည်။

၁၃။ ပြည်သူ့အဖွဲ့အစည်းတစ်ခုသည် မိမိထံတွင် တောင်းဆိုသည့် သတင်းအချက်အလက် များ မရှိလျှင်သော်လည်းကောင်း၊ မိမိနှင့် သက်ဆိုင်ခြင်းမရှိလျှင်သော်လည်းကောင်း အဆိုပါ သတင်းအချက်အလက်ရရှိနိုင်မည့် သက်ဆိုင်ရာအဖွဲ့အစည်းကို သိရှိပါက ညွှန်ပြပေးရမည်။ သိရှိခြင်းမရှိပါက ယင်းအခြေအနေကို တောင်းဆိုသူထံ အကြောင်း ပြန်ကြားရမည်။

၁၄။ (က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ပြည်သူ့အဖွဲ့အစည်းတစ်ခုသည် လတ်တလောဖြစ်ပေါ်နေသောသတင်းများနှင့် အရေးပေါ်အခြေအနေဖြစ်စဉ်များအရ အမြန် ပြန်ကြားပေးရမည့်သတင်းများကို တောင်းခံလာပါက စောနိုင်သမျှ စောစီးစွာနှင့် အလုပ်လုပ်ချိန် ၂၄ နာရီအတွင်း ပြန်ကြားရမည်ဖြစ်ပြီး လွန်ခဲ့ သော ဖြစ်ရပ်များမှ အချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်း ဇယားများကို ပြန်လည်ရှာဖွေပြီးမှ ပြန်ကြားရမည့်သတင်းများ တောင်းဆိုမှုကို လက်ခံရရှိ သည့်နေ့မှစ၍ အလုပ်လုပ်ရက် ၁၅ ရက်အတွင်း အကြောင်းပြန်ကြား ဆောင်ရွက်ပေးရမည်။

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

(ခ) တောင်းဆိုသည့် သတင်းအချက်အလက်သည် မှတ်တမ်းမှတ်ရာ အများအပြားအတွင်း ရှာဖွေရန်ဖြစ်ခြင်း၊ အခြားအဖွဲ့အစည်းများတွင် ရှိနေခြင်း၊ ဆွေးနွေးညှိနှိုင်းရန်လိုအပ်ခြင်းများရှိနေပါက ပုဒ်မခွဲ(က)ပါ အချိန်ကာလ ကို အများဆုံးနောက်ထပ် အလုပ်လုပ်ရက် ၁၅ ရက်အထိ တိုးချဲ့ခွင့်ပြုနိုင် သည်။ ဤသို့သောကိစ္စရပ်တွင် သတင်းထုတ်ပြန်ရေးအရာရှိသည်တောင်းဆို မှုကို ပြန်ကြားရန်ဖြစ်သော ကနဦး ၁၅ ရက်တာကာလ မကုန်ဆုံးမီ ရွှေ့ဆိုင်းသည့် အချိန်နှင့် ရွှေ့ဆိုင်းရသည့်အကြောင်းရင်းများကို တောင်းဆိုသူထံ အသိပေး ရမည်။

၁၅။ ပြည်သူ့အဖွဲ့အစည်းသည် သတင်းအချက်အလက် တောင်းခံမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တောင်းဆိုသည့် သတင်းအချက်အလက်ကို ရှာဖွေခြင်း၊ ပေးပို့ခြင်းအတွက် ကုန်ကျစရိတ် ရှိမည်ဆိုပါက အမှန်တကယ်ကျသင့်သည့် အဖိုးအခကို တောင်းဆိုသူမှ ပေးသွင်းစေခြင်း၊

(ခ) သတင်းအချက်အလက်သည် ဤဥပဒေပြဋ္ဌာန်းချက်ပါ ကင်းလွတ်ချက်အတွင်းဖြစ်ပါက ယင်းအပေါ်အခြေခံ၍ တောင်းဆိုချက် တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းကို ပယ်ချနိုင်ခြင်း၊

(ဂ) တောင်းဆိုချက်သည် စိတ်အနှောင့်အယှက်ဖြစ်စေသော တောင်းဆိုချက်ဖြစ်ပါက ပယ်ချနိုင်ခြင်း၊

(ဃ) တောင်းဆိုချက်သည် ဥပဒေနှင့်အညီ တောင်းခံခြင်းမဟုတ်ပါက ပယ်ချ ခြင်း၊

(င) တောင်းဆိုချက်သည် တစ်နည်းနည်းဖြင့် သတင်းထုတ်ပြန်ပြီးဖြစ်ပါက အလွယ်တကူရယူနိုင်သဖြင့် သတင်းအချက်အလက် ရှာဖွေရယူနိုင်သည့် နေရာကို အသိပေး၍ ယင်းတောင်းဆိုချက်ကို ပယ်ချခြင်း။

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

၁၆။ တောင်းဆိုသူတစ်ယောက်သည် သတင်းအချက်အလက်ရရှိရန် နှစ်သက်ရာ နည်းလမ်းများဖြင့် တောင်းဆိုလာပါက ပြည်သူ့အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို အကြောင်းမဲ့ တားဆီးနှောင့်ယှက်ခြင်းပြုရန် အကြောင်းမရှိလျှင် သို့မဟုတ် မှတ်တမ်း မှတ်ရာကို ထိခိုက်ဖွယ်ရာမရှိလျှင် တောင်းဆိုသည့်နည်းလမ်းဖြင့် ရယူခွင့်ပြုရမည်။

၁၇။ သတင်းအချက်အလက်ထုတ်ပေးခြင်းနှင့် ၎င်းကို တောင်းခံသူထံ ပေးပို့ရခြင်းများ ကြောင့် ဖြစ်ပေါ်လာသော အမှန်ကုန်ကျစရိတ်များအတွက် အခကြေးငွေ သတ်မှတ် တောင်းခံနိုင်သည်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ် ပြဋ္ဌာန်းပေးထားသည့် အခကြေးငွေ နှုန်းထားများနှင့်အညီသာ တောင်းခံရမည်။

## အခန်း (၆)

## ကင်းလွတ်ရမည့်အချက်များ

၁၈။ ပြည်သူ့အဖွဲ့အစည်းတစ်ခုသည် အောက်ဖော်ပြပါ အကြောင်းကိစ္စနှင့်ပတ်သက်သော သတင်း အချက်အလက်တောင်းဆိုခြင်းကို ငြင်းပယ်နိုင်သည်-

(က) သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်းသည် နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်စေနိုင်ခြင်း၊

(ခ) သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်းကြောင့် အခြားသောနိုင်ငံများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် ဆက်ဆံရေးကို ထိခိုက်စေ နိုင်ခြင်း၊

(ဂ) သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်းသည်-

(၁) ရာဇဝတ်မှုကျူးလွန်ခြင်းကို ဖြစ်ပွားစေခြင်း၊

(၂) ပြစ်မှုတစ်ခုနှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်းခြင်း၊ ကာကွယ် တားဆီးခြင်း၊ စစ်ဆေး မေးမြန်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ်

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

တရားစွဲဆို ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးကို ထိခိုက်စေခြင်း၊

(၃) သတင်းအချက်အလက်၏ လျှို့ဝှက်သတင်း အရင်းအမြစ် အခြေအနေ ပေါက်ကြားခြင်း၊

(၄) ဥပဒေအရ ချုပ်နှောင်ထားခြင်းမှ ထွက်ပြေးလွတ်မြောက်ရန် လွယ်ကူစေခြင်း၊

(၅) အဆောက်အဦတစ်ခု၊ ယာဉ်တစ်စီး၊ ကွန်ပျူတာစနစ်တစ်ခု သို့မဟုတ် ဆက်သွယ်ရေး စနစ်တစ်ခု အပါအဝင် ပစ္စည်းတစ်ခုခု သို့မဟုတ် စနစ်တစ်ခုခု၏လုံခြုံရေးကို ထိခိုက်ခြင်း။

(ဃ) သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်းသည်-

(၁) အခွန်၊ အကောက်ခွန်၊ အတိုးနှုန်း၊ ငွေလဲလှယ်နှုန်း စီးပွားရေး စီမံခန့်ခွဲမှုနှင့်ပတ်သက်သော စာချုပ်စာတမ်း တစ်ခုခုပြောင်းလဲခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊ အဆိုပြုဆဲ လုပ်ငန်းကို အချိန်မတိုင်မီ ထုတ်ဖော်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းကို ဆုံးရှုံးမှုဖြစ်ပေါ်စေခြင်း၊

(၂) လုပ်ငန်းတစ်ခုနှင့်ပတ်သက်၍ ပြည်သူ့အဖွဲ့အစည်းနှင့် ဆက်သွယ်မှုရယူရန် အခွင့်အလမ်းရှာနေသူ တစ်ဦးတစ်ယောက်အား ကျိုးကြောင်းမဆီလျော်သော အခွင့်အရေးပေးခြင်း သို့မဟုတ် ပြည်သူ့အဖွဲ့အစည်းနှင့် ယှဉ်ပြိုင်နေသူတစ်ဦးဦးအား သတင်းအချက်အလက် ထုတ်ဖော်ပြောဆိုခြင်း စသည့်အကြောင်းတို့ကြောင့် ပြည်သူ့အဖွဲ့အစည်း၏ တရားဝင်ဘဏ္ဍာငွေအကျိုးစီးပွားကို ပျက်စီးမှု ဖြစ်စေ ခြင်း။

(င) သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်းသည် ပြည်သူ့အဖွဲ့အစည်း၏ အဆင့်ဆင့်စဉ်းစားလုပ်ရသည့် လုပ်ငန်းစဉ်များကို ထိခိုက်စေခြင်း သို့မဟုတ် ယင်းသတင်းအချက်အလက်ကို အချိန်မတိုင်မီ ဖော်ထုတ် ခြင်းကြောင့် မူဝါဒ၊

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

စုံစမ်းထောက်လှမ်းခြင်း သို့မဟုတ် စစ်ဆေးမေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများ၏ အောင်မြင်မှုကို ထိခိုက်စေခြင်း၊

(စ) သတင်းအချက်အလက်ထုတ်ပြန်ခြင်းသည် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် တတိယပုဂ္ဂိုလ်၏ လွတ်လပ်ခွင့်အပေါ် အကြောင်းမဲ့ ကျူးကျော်စော်ကားရာ ရောက်စေခြင်း၊

သို့ရာတွင် အောက်ပါအခြေအနေ၌ အဆိုပါ ကင်းလွတ်ချက်ကို ကျင့်သုံးခြင်းမရှိစေရ-

(၁) တတိယပုဂ္ဂိုလ်သည် သတင်းအချက်အလက် ထုတ်ပြန်ခြင်းကို သဘောတူပြီး ဖြစ်ခြင်း၊

(၂) တတိယပုဂ္ဂိုလ်သည် နှစ်ပေါင်း နှစ်ဆယ်ကျော်က ကွယ်လွန်ပြီးဖြစ်ခြင်း၊

(၃) တောင်းဆိုသူသည် တတိယပုဂ္ဂိုလ်၏ အုပ်ထိန်းသူ သို့မဟုတ် ဆွေမျိုးသားချင်း သို့မဟုတ် ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ခွင့် ရှိသူဖြစ်ခြင်း၊

(၄) တတိယပုဂ္ဂိုလ်သည် ပြည်သူ့အဖွဲ့အစည်းတစ်ခုခု၏ တာဝန်ရှိသူတစ်ဦးဖြစ်ခြင်း သို့မဟုတ် ဖြစ်ခဲ့ခြင်း၊ ထို့ပြင် သတင်းအချက်အလက်သည် ၎င်း၏ လုပ်ငန်းပိုင်းနှင့် ဆက်စပ်နေခြင်း။

(ဆ) သီးခြားအထူးအခွင့်အရေးရရှိသူသည် ယင်းအခွင့်အရေးကို စွန့်လွှတ်ခြင်း မပြုခဲ့ပါက သတင်းအချက်အလက်ကို တရားမှုခင်းတွင် ထုတ်ဖော်ခွင့် မရှိခြင်း၊

(ဇ) သတင်းအချက်အလက်ကို ထုတ်ပြန်ခြင်းသည်-

FREE EXPRESSION MYANMAR လွတ်လပ်သော ထုတ်ဖော်ပြောဆိုခြင်း မြန်မာ

(၁) တတိယပုဂ္ဂိုလ်ထံမှ ရရှိသော ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်သတင်းအချက် အလက်ကို ထုတ်ဖော်ခြင်းဖြင့် ယုံကြည်မှုကို ချိုးဖောက်ရာ ရောက်ခြင်း၊

(၂) တတိယပုဂ္ဂိုလ်ထံမှ လျှို့ဝှက်ချက်ဖြင့်ရရှိထားခဲ့ပြီး ယင်းတွင် ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုပါရှိခြင်း သို့မဟုတ် ယင်းကို ဆက်သွယ်ပေးပို့ပါက အဆိုပါ တတိယပုဂ္ဂိုလ်၏ ကုန်သွယ်ရေး သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ အကျိုးစီးပွားများကို ထိခိုက်စေနိုင်ခြင်း။

၁၉။ သတင်းအချက်အလက်တောင်းဆိုမှု တစ်ခုသည် တတိယပုဂ္ဂိုလ်က အတွင်းရေး လျှို့ဝှက်ချက်ဖြင့် ပေးပို့ထားသော သတင်းအချက်အလက်နှင့် ဆက်စပ်နေပါက ပြည်သူ့ အဖွဲ့အစည်းသည် သတင်းအချက် အလက်ထုတ်ဖော်ရန်အတွက် အဆိုပါ တတိယပုဂ္ဂိုလ် ထံမှ သဘောတူညီမှု သို့မဟုတ် ကန့်ကွက်ချက် ရရှိနိုင်ရန် အဆိုပါတတိယပုဂ္ဂိုလ် အား အစွမ်းကုန်ကြိုးစား၍ ဆက်သွယ်ဆောင်ရွက်ရမည်။ တတိယပုဂ္ဂိုလ်က သတင်းဖော်ထုတ် ခြင်းကို ကန့်ကွက်ခဲ့ပါက ၎င်း၏ ကန့်ကွက်ချက်ကို ထည့်သွင်းစဉ်းစားရမည်။ သို့ရာတွင် သတင်းအချက်အလက်သည် ဤဥပဒေပါ ကင်းလွတ်ချက်များအတွင်း ကျရောက်ခြင်း ရှိမရှိ ဆိုသည့်ဆုံးဖြတ်ချက်ကို ပြည်သူ့အဖွဲ့အစည်း၏ ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ခြင်းအပေါ် အခြေခံ၍ ဆုံးဖြတ်ဆောင်ရွက်ရမည်။

၂၀။ အခြားသောဥပဒေပါ ကင်းလွတ်ချက်များ (လျှို့ဝှက်ချက်ဆိုင်ရာပြဋ္ဌာန်းချက်များ) သည် ဤဥပဒေပါ ကင်းလွတ်ချက်တစ်ခုကို အဓိပ္ပာယ်ရှင်းလင်းခြင်း၊ ချဲ့ထွင်မှုပြုလုပ်ခြင်း ဖြစ်စေကာမူ အကျိုးသက်ရောက်ခြင်း မရှိစေရ။

၂၁။ သတင်းအချက်အလက်သည် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကင်းလွတ်ချက် ဘောင်အတွင်းကျရောက်ခြင်းမရှိဟု သတ်မှတ်ပါက ဤသို့သတ်မှတ်ခြင်းကို တောင်းဆို သည့်အချိန်တွင် ရှင်းလင်းပြတ်သား၍ ဓမ္မဓိဋ္ဌာန် ကျသော ဆင်ခြင်တုံ တရားအပေါ် အခြေခံကာ အစဉ်သဖြင့် တိုက်ရိုက်သုံးသပ် ဆုံးဖြတ်ရမည်။

၂၂။ မှတ်တမ်းမှတ်ရာတစ်ခု၏ အစိတ်အပိုင်းသည် ကင်းလွတ်ချက်တစ်ခု၏ သတ်မှတ်ချက်ဘောင်အတွင်း ကျရောက်နေပါက ယင်းအပိုင်းကို ဖယ်ထုတ်၍ ကျန်ရှိသည့် မှတ်တမ်းမှတ်ရာများကို ရယူခွင့်ပြုရမည်။

၂၃။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)မှ (စ)အထိပြဋ္ဌာန်းထားသော ကင်းလွတ်ချက်များသည် နောက်အနှစ် နှစ်ဆယ်ကြာပြီးနောက် ကျင့်သုံးခြင်းမပြုဘဲ ရပ်စဲစေရမည်။ သို့ရာတွင် .ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အများဆုံးနောက်ထပ် တစ်ဆယ့်ငါးနှစ်အထိ ကင်းလွတ်ချက်အဖြစ် သက်တမ်းတိုးချဲ့သတ်မှတ်နိုင်သည်။

## အခန်း(၇)

## တားမြစ်ချက်များ

၂၄။ မည်သူမဆို ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အခွင့်အရေးတစ်ခုအား ကျင့်သုံးခြင်း ကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း၊ တားဆီး ပိတ်ပင် ခြင်း မပြုရ။

၂၅။ မည်သူမဆို ဤဥပဒေပါ တာဝန်တစ်ရပ်အား ပြည်သူ့အဖွဲ့အစည်းက ဆောင်ရွက်ခြင်းကို နှောင့်ယှက်ခြင်း၊ တားဆီးပိတ်ပင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်းတို့ကို မပြုရ။

၂၆။ မည်သူမဆို အဖွဲ့အစည်း၏ မှတ်တမ်းမှတ်ရာတစ်ခုကို ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်းမပြုရ။

## အခန်း (၈)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၇။ မည်သူမဆို ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် ၃၀၀၀၀ မှ ကျပ် ၃၀၀၀၀၀ အထိ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်ဆိုင်ရာတရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် ၅၀၀၀၀ မှ ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၂၉။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် သဘောရိုးဖြင့် ပြုလုပ်ခြင်း သို့မဟုတ် တာဝန်နှင့်အညီ ဆောင်ရွက်ရန်ရည်ရွယ်ပြုလုပ်ခြင်းအတွက် မည်သူ့ကိုမျှ တရားစွဲဆို ခြင်းကို ခွင့်မပြုရ။

၃၀။ ဤ ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

........................................................................................................